# ရဲဘော်တို့လာ၊ စုရုံးနေ

ကဒေါင်းတို့ မည်သည်
သူတပါး အလိုကျ
ကပြ အသုံးတော်ခံ
အားမာန်လျှော့လေ့
ရှိသော်ငြား၊
ခွပ်ဒေါင်းတို့ မည်သည်ကား
အနိုင်မခံ
အရှုံးမပေး
သွေး ချင်းချင်းနီသည်ထိ
အားလျှော့ရိုး ထုံးစံ မရှိ။

၂၀၁၀ရဲ့ တိုက်ပွဲခေါ်သံ
ခွပ်ဒေါင်းအလံကား
ဘူမိနက်သန်
အောင်မြေမှန်တွင်
စိုက်ထူထားသည်မို့
ရဲဘော်တို့လာ-
စုရုံးကြစို့။

အဆုံးစစ်ပွဲကို နွှဲပါစို့။

ခင်မမမျိုး (၁၇၊၉၊ ၂၀၁၀)